စည်ပင်သာယာရေးအဖွဲ့
စာအမှတ်.....
ရက်စွဲ.......
ဝေါမြို့

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

## (ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့)

## ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## အရပ်ရပ်အခွင့်အရေးလိုင်စင်များရောင်းချမည့်ကြော်ငြာစာ

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်

(၁၃၈၄ ခုနှစ် ပြာသိုလဆန်း ၉ ရက်)

၁။ ၂၀၂၃ -၂၀၂၄ခုဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်အခွင့်အရေးလိုင်စင်များအနက်အပေါင်ဆိုင်လိုင်စင်များအား သက်တမ်းတိုးစနစ်ဖြင့်လည်းကောင်း ၊ သားသတ်လိုင်စင်များအားအညီအမျှခွဲဝေချထားခြင်းစနစ်ဖြင့်လည်းကောင်း ၊ကျန်အခွင့်အရေးလိုင်စင်များကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း အောက်ဖော်ပြပါအစီအစဉ်အတိုင်း ရောင်းချမည်ဖြစ်ပါ၍လိုင်စင်စည်းကမ်းညွှန်ကြားချက်များနှင့်ညီညွတ်သူမြန်မာနိုင်ငံသားမည်သူမဆိုလာရောက်ဆွဲဝယ်နိုင်ပါကြောင်းကြော်ငြာအပ်ပါသည်-

### အရပ်ရပ်အခွင့်အရေးလိုင်စင်များ ရောင်းချမည့် နေ့ရက်သတ်မှတ်ချက်

| စဉ် | ရောင်းချမည့် အစီအစဉ် | လေလံရောင်းချမည့် နေ့ရက် / အချိန် | လျှောက်လွှာပိတ်မည့် နေ့ရက် / အချိန် | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁ | ပထမအကြိမ် | ၁၆ - ၁ -၂၀၂၃ ( တနင်္လာနေ့ ) နံနက် ( ၀၉ း ၃၀ ) | ၁၃ - ၁ -၂၀၂၃ ( သောကြာနေ့ ) ညနေ ( ၁၆း၃၀) | |
| ၂ | ဒုတိယအကြိမ် | ၂၃ - ၁ -၂၀၂၃ ( တနင်္လာနေ့ ) နံနက် ( ၀၉ း ၃၀ ) | ၂၀ - ၁ -၂၀၂၃ ( သောကြာနေ့ ) ညနေ ( ၁၆း၃၀) | |
| ၃ | တတိယအကြိမ် | ၁ - ၂ -၂၀၂၃ ( ဗုဒ္ဓဟူးနေ့ ) နံနက် ( ၀၉ း ၃၀ ) | ၃၁ - ၁ -၂၀၂၃ ( အင်္ဂါနေ့ ) ညနေ ( ၁၆း၃၀) | |
| ၄ | ချိတ်ပိတ်တင်ဒါ | ၈ - ၂ -၂၀၂၃ ( ဗုဒ္ဓဟူးနေ့ ) နံနက် ( ၀၉ း ၃၀ ) | ၇ - ၂ -၂၀၂၃ ( အင်္ဂါနေ့ ) ညနေ ( ၁၆း၃၀) | |
| ၅ | အခြားနည်း | ၁၅ - ၂ -၂၀၂၃ ( ဗုဒ္ဓဟူးနေ့ ) နံနက် ( ၀၉ း ၃၀ ) | ၁၄ - ၂ -၂၀၂၃ ( အင်္ဂါနေ့ ) ညနေ ( ၁၆း၃၀) | |

၂။ လိုင်စင်ယှဉ်ပြိုင်ဆွဲဝယ်လိုသူများအနေဖြင့် လိုင်စင်လျှောက်လွှာနှင့်အတူ လိုင်စင်ယှဉ်ပြိုင်ဆွဲဝယ်သူများလိုက်နာရမည့်စည်းကမ်းများ အဖွဲ့ရုံးတွင်ဝယ်ယူရရှိနိုင်ပြီး အထက်ပါနေ့ရက်များတွင်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအထောက်အထား စာရွက်စာတမ်းများ ပြည့်စုံစွာပူးတွဲလျှောက်ထားရမည်-

**(နောက်ကျတင်သွင်းလာသည့် လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ)**

(က) နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ၊

(ခ) လဝက အိမ်ထောင်စုစာရင်းပုံစံ ၆၆ / ၆ မိတ္တူ၊

(ဂ) လိုင်စင်ဆွဲဝယ်သူများသည် လိုင်စင်တစ်ခုချင်းစီ သတ်မှတ်ကြမ်းခင်းဈေးတစ်ဝက်ကို ဝေါမြို့၊ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် မိမိအမည်ဖြင့် စာရင်းရှင်အပ်ငွေဖွင့်လှစ်၍ အမှုဆောင်အရာရှိရာထူးအမည်ဖြင့် ရေးသားထားသောငွေထုတ်ယူခွင့်အမိန့်(POP) နှင့် ပူးတွဲတင်ပြရမည်၊

(ဃ) လိုင်စင်ဆွဲဝယ်သူများသည် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးမှူးရုံး၏ အခွန်အပြီးသတ်စည်းကြပ်မှုခံယူပြီးကျသင့်အခွန်ကင်းရှင်းကြောင်းထောက်ခံချက်၊ ပဲခူးတိုင်းဒေသကြီးအတွင်း အခြားမြို့နယ်မှ လာရောက်လေလံဆွဲဝယ်မည့်သူနှင့် တိုင်းဒေသကြီးပြင်ပမှလာရောက်လေလံဆွဲဝယ်သူဖြစ်ပါကသက်ဆိုင်ရာမြို့နယ်တွင်အခွန်ကင်းရှင်းကြောင်းနှင့် ၎င်း၏ မရွှေ့မပြောင်းနိုင်သော အာမခံပစ္စည်းအထောက်အထားနှင့်ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တန်ဖိုးစီစစ်ရေးအဖွဲ့၏ စိစစ်တင်ပြမှုအပေါ် အမှုဆောင်အရာရှိ၏ ထောက်ခံချက်ဖြင့် ပူးတွဲတင်ပြရမည်၊

(င) လိုင်စင်ကြမ်းခင်းဈေးတန်ဖိုးထက် လျော့နည်းခြင်းမရှိသည့် လျှောက်ထားသူအမည်ပေါက် မရွှေ့မပြောင်းနိုင်သော ပစ္စည်း ( အဆောက်အဦ ၊ အိမ် ၊ မြေ ) နှင့် ယင်းနေအိမ်၏ လေးဘက်မြင်ဓါတ်ပုံ(၄)ပုံ ၊ (သို့) ငွေစုစာအုပ်တင်ပြရမည်၊

( Special Power ) လွှဲအပ်တင်ပြခြင်းကို လက်ခံမည်မဟုတ်)

(စ) လိုင်စင်လျှောက်ထားသူအား အာမခံပစ္စည်းသည် ဆွဲဝယ်သည့်ကြမ်းခင်းဈေးထက်တန်ဖိုးလျော့နည်းမှု မရှိကြောင်း၊ လျှောက်ထားသူအမည် မရွှေ့မပြောင်းနိုင်သောပစ္စည်း ( အဆောက်အဦ ၊ အိမ် ၊ မြေ ) အတွက် သက်ဆိုင်ရာမြို့နယ်ကာလတန်ဖိုးစိစစ်ရေးအဖွဲ့နှင့် မြို့နယ်မြေစာရင်း၏ ထောက်ခံချက်

(ဆ) ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ထောက်ခံချက်၊

(ဇ) သက်တမ်းတိုးလိုင်စင် လုပ်ကိုင်ခွင့်ရရှိသူဖြစ်စေ ၊ တိုက်ရိုက်ချထားခြင်းခံရသူဖြစ်စေ၊ လေလံဆွဲဝယ်ရရှိသူဖြစ်စေမိမိလိုင်စင်ရရှိသောလေလံကြေးငွေ ( ၅ပုံ၁ပုံ)(သို့မဟုတ်) လိုင်စင်ကြေးငွေ(၂ပုံ၁ပုံ) ( တိုင်းဒေသကြီးပြင်ပ ) (သို့မဟုတ်) အကြေပေးသွင်းရန်သတ်မှတ်သည့်လိုင်စင်ကြေးငွေများကို ၂၀၂၃ -၂၀၂၄ ခုဘဏ္ဍာရေးနှစ်(၇-၄-၂၀၂၃) ရက်နေ့နောက်ဆုံးထား၍ပေးသွင်းရမည်၊

(ဈ) ပဲခူးတိုင်းဒေသကြီးပြင်ပမှ လာရောက်ဆွဲဝယ်လုပ်ကိုင်သူဖြစ်ပါက လိုင်စင်ကြေး၏ (၅၀%) အား လိုင်စင်ဆွဲဝယ်ရရှိသည့် ၂၀၂၃ - ၂၀၂၄ ခုဘဏ္ဍာရေးနှစ်အတွက် ( ၇ - ၄ - ၂၀၂၃ ) ရက်နေ့ နောက်ဆုံးထား၍ပေးသွင်းရမည်။ ကျန်(၅၀%)အား ၂၀၂၃ ခုနှစ် ဧပြီလမှစ၍လစဉ်သတ်မှတ်ရက်များအတိုင်း (၄)ရစ်ခွဲ၍ပေးသွင်းရမည်။ လေလံကြေးအနည်းဆုံးကျပ်သိန်း(၂၀)အောက်ဖြစ်ပါက ၂၀၂၃ -၂၀၂၄ခုဘဏ္ဍာရေးနှစ်( ၇-၄-၂၀၂၃)ရက်နေ့နောက်ဆုံးထား အကြေပေးသွင်းရမည်။

၃။ အရပ်ရပ်အခွင့်အရေးလိုင်စင်ဆွဲဝယ်လိုသူသည် ၂၀၂၃ - ၂၀၂၄ ခု ဘဏ္ဍာရေးနှစ်အတွက် အဖွဲ့၏ (၃၀ - ၁၂ - ၂၀၂၂) ရက်စွဲပါစာအမှတ် ၊ ၁၇၁၈ / ဃ - ၂ / ဝေါ (၀၀၁) ဖြင့် ထုတ်ပြန်ထားသည့် အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်စည်းကမ်းများနှင့် လိုင်စင်တစ်ခုချင်းအလိုက် စည်းကမ်းများကို သိရှိနားလည်ပြီးဖြစ်ရမည်။

၄။ အထက်အပိုဒ်(၈)ပါ ပိုင်ဆိုင်မှုအထောက်အထားများ တင်ပြနိုင်ခြင်းမရှိပါက လေလံကြေးနှင့် အခြားအခွန်အခများအား တစ်ပါတည်းအပြေအကြေပေးသွင်းရမည်။

၅။ ၂၀၂၃ - ၂၀၂၄ ခုဘဏ္ဍာရေးနှစ်အတွက် အဖွဲ့ပိုင်အခွင့်အရေးလိုင်စင်များအား လေလံဆွဲလိုသူသည် စည်ပင်သာယာရေးဆိုင်ရာအခွန် ၊ အခကြေးကျန်မရှိသူများဖြစ်ရမည့်အပြင် နာမည်ပျက်စာရင်းတင်သွင်းကြောင်း ကြော်ငြာ၍ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် လေလံဆွဲဝယ်ခွင့်ပိတ်ထားခြင်းခံရသူများ၊၎င်းနှင့် အတူနေ အိမ်ထောင်စုစာရင်းဝင်ပုဂ္ဂိုလ်များမဖြစ်စေရ။

၆။ လိုင်စင်အမျိုးအစားအလိုက် သက်ဆိုင်ရာ လုပ်ငန်းတစ်ခုချင်းစီအတွက် လေလံလျှောက်လွှာကို ကြော်ငြာသည့်နေ့ရက်မှစတင်၍တစ်စောင်လျှင် ငွေကျပ်(၁၅၀၀၀/-)ဖြင့်ဝယ်ယူ၍လျှောက်လွှာတစ်စောင်စီဖြင့် လျှောက်ထားရမည့်ဖြစ်ပြီး လုပ်ငန်းလုပ်ကိုင်ခြင်းနှင့် စပ်လျဉ်း၍ ကိုယ်တိုင်ဦးစီးလုပ်ကိုင်နိုင်ရမည့်အပြင် တစ်ဆင့်လွှဲပြောင်းဆောင်ရွက်ခြင်းမပြုရ။

၇။ အရပ်ရပ်အခွင့်အရေးလိုင်စင်များ ရောင်းချခြင်းနှင့်ပတ်သက်၍ အသေးစိတ်မေးမြန်းလိုပါက ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ ၊ တယ်လီဖုန်းနံပါတ်(၀၅၂-၇၅၅၇၊ ၀၅၂-၇၅၇၆၁) သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၃၀၊၁၂၊၂၂

အမှုဆောင်အရာရှိ

( ဝင်းလှိုင် ၊ လက်ထောက်ညွှန်ကြားရေးမှူး )

စာအမှတ် ၊ ၁၇၁၉ / ဃ - ၂/ ဝေါ (၀၀၁)

ရက်စွဲ ။ ၂၀၂၂ ခုနှစ် ၊ ဒီဇင်ဘာလ ၃၀ ရက်

ဖြန့်ဝေခြင်း

လိုင်စင်စီဟောင်းများအားလုံးနှင့် အခြားစိတ်ပါဝင်စားသူများ

ဈေးတာဝန်ခံ ( အများပြည်သူသိရှိနိုင်ရေးအတွက် ကြော်ငြာပေးရန်)

မိတ္တူကို

ညွှန်ကြားရေးမှူး ၊ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ၊ ပဲခူးမြို့၊
ဥက္ကဋ္ဌ ၊မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ၊ ဝေါမြို့၊
အမှုဆောင်အရာရှိ ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အားလုံး၊ ပဲခူးတိုင်းဒေသကြီး၊
ရပ်ကွက်အုပ်ချုပ်ရေးမှူး ၊ --------------------------------ရပ်ကွက် ၊ ဝေါမြို့၊
ရုံးလက်ခံ ၊
မျှောစာတွဲ။

၂၀၂၃ - ၂၀၂၄ ခု ဘဏ္ဍာရေးနှစ်အတွက်

အညီအမျှခွဲဝေချထားပေးခြင်းစနစ်ဖြင့်လေလံရောင်းချမည့်သားသတ်အခွင့်အရေးလိုင်စင်များစာရင်း

| စဉ် | လိုင်စင်အမည် | ကြမ်းခင်းဈေး | စားပွဲတင်အာမခံငွေ |
|---|---|---|---|
| ၁။ | မြို့မအမဲ | ၃၀၈၀၀၀၀၀ | ၁၅၄၀၀၀၀၀ |
| ၂။ | ကေရာဇ်အမဲ | ၂၃၁၀၀၀၀ | ၁၁၅၅၀၀၀ |
| ၃။ | အဗျားငှက်ချေးဝင်းအမဲ | ၂၂၀၀၀၀၀ | ၁၁၀၀၀၀၀ |
| ၄။ | တနော်ကျွန်းအမဲ | ၈၂၅၀၀၀၀ | ၄၁၂၅၀၀၀ |
| ၅။ | သူရဲသမိန်အမဲ | ၅၅၀၀၀၀၀ | ၂၇၅၀၀၀၀ |
| ၆။ | မြစ်ကျိုးအမဲ | ၁၀၃၃၇၀၀၀ | ၅၁၆၈၅၀၀ |
| ၇။ | ညောင်ခါးရှည်အမဲ | ၆၂၇၀၀၀၀ | ၃၁၃၅၀၀၀ |
| ၈။ | မြို့မဝက် | ၂၆၄၀၀၀၀၀ | ၁၃၂၀၀၀၀၀ |
| ၉။ | မြို့မဆိတ် | ၈၆၁၃၀၀၀ | ၄၃၀၆၅၀၀ |
| ၁၀။ | သူရဲသမိန်ဝက် | ၂၉၇၀၀၀၀ | ၁၄၈၅၀၀၀ |
| ၁၁။ | ညောင်ခါးရှည်ဝက် | ၃၃၀၀၀၀၀ | ၁၆၅၀၀၀၀ |
| ၁၂။ | မြစ်ကျိုးဝက် | ၂၂၀၀၀၀၀ | ၁၁၀၀၀၀၀ |
| ၁၃။ | အဗျားငှက်ချေးဝင်းဝက် | ၁၂၆၅၀၀၀ | ၆၃၂၅၀၀ |
| ၁၄။ | တနော်ကျွန်းဝက် | ၁၆၁၇၀၀၀ | ၈၀၈၅၀၀ |

## ၂၀၂၃ - ၂၀၂၄ ခု ဘဏ္ဍာရေးနှစ်အတွက်

## သက်တမ်းတိုးစနစ်ဖြင့် ရောင်းချမည့်အပေါင်ဆိုင်အခွင့်အရေးလိုင်စင်များစာရင်း

| စဉ် | လိုင်စင်အမည် | ကြမ်းခင်းဈေး | စားပွဲတင်အာမခံငွေ |
|---|---|---|---|
| ၁။ | မြို့မအပေါင်ဆိုင်(၁) | ၂၆၅၀၀၀၀ | ၁၃၂၅၀၀၀ |
| ၂။ | မြို့မအပေါင်ဆိုင်(၂) | ၉၅၂၀၀၀ | ၄၇၆၀၀၀ |
| ၃။ | ညောင်ခါးရှည်အပေါင်ဆိုင်(၁) | ၄၉၄၀၀၀ | ၂၄၇၀၀၀ |
| ၄။ | ညောင်ခါးရှည်အပေါင်ဆိုင်(၂) | ၅၃၆၀၀၀ | ၂၆၈၀၀၀ |
| ၅။ | မြစ်ကျိုးအပေါင်ဆိုင် | ၅၅၃၀၀၀ | ၂၇၆၅၀၀ |
| ၆။ | တနော်ကျွန်းအပေါင်ဆိုင် | ၆၂၇၀၀၀ | ၃၁၃၅၀၀ |
| ၇။ | ရှမ်းကိုင်းအပေါင်ဆိုင် | ၅၂၁၀၀၀ | ၂၆၀၅၀၀ |

## ၂၀၂၃ - ၂၀၂၄ ခု ဘဏ္ဍာရေးနှစ်အတွက်

## ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချမည့်အခွင့်အရေးလိုင်စင်များစာရင်း

| စဉ် | လိုင်စင်အမည် | ကြမ်းခင်းဈေး | စားပွဲတင်အာမခံငွေ |
|---|---|---|---|
| ၁။ | ဈေးတွင်းပုံကျဈေးကောက်လိုင်စင် | ၁၇၀၅၀၀၀၀ | ၈၅၂၅၀၀၀ |
| ၂။ | ညောင်ခါးရှည်ကျေးရွာဈေးကောက်လိုင်စင် | ၈၀၃၀၀၀၀ | ၄၀၁၅၀၀၀ |
| ၃။ | မြစ်ကျိုးကျေးရွာဈေးကောက်လိုင်စင် | ၇၇၀၀၀၀ | ၃၈၅၀၀၀ |
| ၄။ | မြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင် | ၃၄၆၅၀၀၀၀၀ | ၁၇၃၂၅၀၀၀၀ |
| ၅။ | ဈေးကြီးစက်ဘီးအပ်ခကောက်လိုင်စင် | ၉၉၀၀၀၀၀ | ၄၉၅၀၀၀၀ |
| ၆။ | ဈေးကြီးအိမ်သာခကောက်လိုင်စင် | ၈၃၈၂၀၀၀ | ၄၁၉၁၀၀၀ |
| ၇။ | ပန်းခြံဝင်ကြေးကောက်လိုင်စင် | ၃၂၅၀၀၀ | ၁၆၂၅၀၀ |